## ၆။ သီးထိုးယင်

**Oriental fruit fly :** ***Bactrocera dorsalis*** **(Hendel, 1912)**

**Diptera: Tephritidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ကြည်လင်သော အတောင်များ အပေါ်အဖျားဘက်တွင် အရောင်ရင့်သော အစင်းပါရှိသည်။ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းကို သေးငယ်သော အညှာဖြင့် ဆက်ထားသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



သီးထိုးယင်အမသည် "ဥအုတံ"ဖြင့် သစ်သီးအခွံပေါ်မှထိုး၍ အသားထဲသို့ "ဥ" အုချပြီး အသီးထဲတွင် လောက်ကောင်ပေါက် ဆက်လက်စားသောက်သောကြောင့် အသီးမျက်နှာပြင်ပေါ် တွင် အစက်အပြောက်များဖြစ်ပေါ်နေပြီး ရေစိုနာပျော့ကွက်များနှင့် အတွင်းသား ပုပ်နေတတ် သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၁–၅ )** ရက် |
| လောက်ကောင် အဆင့် | **– (၆–၁၇)** ရက် |

ရုပ်ဖုံး အဆင့် – **(၁၂–၂၆)** ရက်

အကောင်ကြီး အဆင့် – **(၃)**လ

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)သရက်ပန်းစတင်ပွင့်ချိန်မှ (၅၅ –၆၅) ရက် အတွင်း (ကြက်ဥ အရွယ်)တွင် အိတ်စွပ်ပါ။ အိတ်မစွပ်မီ မှတ်ပုံတင်ထားသည့် သင့်လျော်သော ဓာတုပိုးသတ်ဆေး နှင့် မှိုသတ်ဆေးများ အား အညွှန်းပါ နှုန်းထားအတိုင်း ပက်ဖျန်းပါ။

(၂) အထီးဆွဲဆောင်ဟိုမုန်း မီသိုင်းယူဂျီနော(Methyl eugenol) နှင့် လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda–cyhalothrin) အနည်းငယ်ရောစပ်၍ ထောင်ချောက် ပြုလုပ်ပြီး (၁) ကေလျှင် (၅) ခုနှုန်းတပ်ဆင် ကာ ယင်ထီးများအား ဖမ်းဆီးပြီး အစုအပြုံလိုက် ဖျက်ဆီးပါ။

(၃)ကြွေကျအသီး/အသီးပုပ်များအား အပတ်စဉ်စုဆောင်းပြီးမြေကျင်းတူး၍ အနည်းဆုံးအနက် (၁.၅) ပေခန့်တွင် မြေမြှုပ်ပါ။(သို့) ပလပ်စတစ်အိတ်အတွင်း ထည့်၍ ပုပ်ဆွေး သည်အထိထားရှိပြီး မြေဆွေးပြုလုပ် သုံးစွဲပါ။ (သို့) အသီးကြွေများကို တိရစ္ဆာန်များ အားကျွေး၍ ဖျက်ဆီးပါ။

(၄) ပရိုတိန်းမျှားစာနှင့် ရေ အရော (၅၀) မီလီလီတာ တွင် ပိုးသတ်ဆေး (ဖစ်ပရိုနေး 5 SC (၅) စီစီရောပြီး ခြံစည်းရိုးအပင်များတွင် (၁) ပင်လျှင်(၃)နေရာခန့် (၁)ပတ်လျှင် (၁) ကြိမ် သရက်သီးကင်းဝင် ချိန်မှစ၍ ခူးဆွတ်ချိန် အထိဖျန်း၍ နှိမ်နင်းကာကွယ်ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။